# TEN DAYS *in a* MAD-HOUSE

**NELLIE BLY**

တိနုးလတ်

# အရူးထောင်မှာ ဆယ်ရက်တာ

# မူရင်းစာရေးသူ
# နယ်လီဘလိုင်း (Nelly Bly)

အမည်ရင်းက အဲလစ်စဘတ် ကော့ခရိန်းဆီးမင်း ဖြစ်သည် ။ သူ့ကို အမေရိကန်နိုင်ငံ၊ ပင်ဆီလ်ဗေနီးယား ပြည်နယ်၌ ၁၈၆၄-ခုနှစ်၊ မေလ ၅-ရက်နေ့တွင် မွေးဖွားခဲ့သည် ။ ကမ္ဘာကို ၇၂ ရက်ဖြင့်ပတ်ခြင်း(Round the world in 72 days) စာအုပ်ဖြင့် နာမည်ကျော်စာရေးဆရာ ဖြစ်ခဲ့သည် ။ တကယ်တော့ သူ၏ အသက်မွေးဝမ်းကျောင်း အလုပ်က သတင်းစာဆရာမ အလုပ် ဖြစ်၏။ သူ အထူးကျွမ်းကျင်သည် မှာ "စူးစမ်းလေ့လာ သတင်းစာ ပညာ" (Investigative Journalism) ဖြစ်၏။ သူကိုယ်တိုင် အရူးထောင်ထဲတွင် သွားနေကာ စိတ်ရောဂါသည် များ ၏ ဘဝကို လေ့လာခဲ့ပြီး "အရူးထောင်မှာ ဆယ်ရက်ကြာ"( Ten Days in a Mad house ) စာအုပ်ကို ရေးခဲ့၏။ ထိုစာအုပ်များ ဖြင့် သူသည် ၁၉ ရာစုတွင် ထင်ရှားသော အမျိုးသမီး သတင်းစာဆရာ ဖြစ်ခဲ့၏။ သူကဲ့သို့ ကိုယ်တိုင်စွန့်စား လေ့လာရှာဖွေ သတင်းရေးခဲ့သူ ထိုခေတ်က အတော်ရှား၏။ အမျိုးသမီး အလုပ်သမားများ ဘဝကို လေ့လာ ရေးသားသော ဝတ္ထုက လည်း ထင်ရှား၏။ ထိုစာအုပ် ရေးခဲ့သည့် အတွက် အလုပ်ရှင်သူဌေး၏ တရားစွဲဆိုမှု ခံခဲ့ရ၏။ မက်ဆီကိုနိုင်ငံတွင်း နိုင်ငံခြား သတင်းထောက် သွားလုပ်ကာ "မက်ဆီကိုမှာ ခြောက်လကြာ (Six Months in Mexico)

စာအုပ် ရေးခဲ့သည် ။ ထိုစာအုပ်တွင် မက်ဆီကို သတင်းစာသမား တစ်ဦးကို မတရား ဖမ်းဆီးချုပ်နှောင်မှု အကြောင်း ရေးခဲ့၍ မက်ဆီကိုအစိုးရ၏ ဖမ်းဆီးရန် အခြိမ်းခြောက်ခံရပြီး ပြည်နှင်ဒဏ်ခံရ၏။ သူက မက်ဆီကိုနိုင်ငံ အာဏာရှင်အစိုးရ၏ သတင်းစာလွတ်လပ်ခွင့် ပိတ်ပင်မှုကို ကန့်ကွက်ခဲ့၏။

၁၈၉၅ တွင် အမေရိကန် သန်းကြွယ်သူဌေးကြီး "ရောဘတ် ဆီးမင်း " နှင့် အိမ်ထောင်ကျသည် ။ သူ့ခင်ပွန်းက ၁၉၀၃ ခုနှစ်တွင် ကွယ်လွန်ခဲ့ရာ စက်ရုံကြီးများ စွာ သူ အမွေဆက်ခံ ရရှိခဲ့၏။ ဆီထုတ်လုပ်ရေးနှင့် ပတ်သက်၍ စက်ပစ္စည်းသစ်များ စွာကို သူ တီထွင်ခဲ့ရာ အချို့စက်ကိရိယာများမှာ ယခုတိုင် သုံးနေကြဆဲ ဖြစ်သည် ။ ပထမကမ္ဘာစစ်ကာလတွင် သူသည် သတင်းစာ လောကသို့ ပြန်ဝင်လာကာ အမျိုးသမီးအခွင့်အရေးများ ၊ လွတ်လပ်ခွင့်များ အတွက် တိုက်ပွဲဝင်ခဲ့၏။ ၁၉၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်တွင် အဆုတ် ရောဂါဖြင့် ကွယ်လွန်ခဲ့၏။

သူ၏ ထူးခြားထင်ရှားသော လုပ်ဆောင်မှုများကြောင့် ၁၉၉၈ ခုနှစ်တွင် အမျိုးသမီး စွမ်းဆောင်ရှင်ဆုကို နိုင်ငံတော်မှ ချီးမြှင့်ခဲ့၏။

*****

နိဒါန်း

ကျွန်မ၏ "ဘလက်ဝဲလ်ကျွန်း အရူးထောင်" အတွေ့အကြုံများကို "

ကမ္ဘာ့စာစောင်"တွင် ရေးခဲ့ပြီးနောက် ကျွန်မထံ စာတွေ ရာပေါင်းများစွာ လာ၏။ ကျွန်မ၏ စာများကို စာစောင်တွင် အခန်းဆက်ဖော်ပြခြင်းပြုသည့် အပြင် စာအုပ်အနေနှင့် ပါ ထုတ်ဝေရန် တိုက်တွန်းကြ၏။ ထိုသို့ စာဖတ် ပရိသတ်၏ လိုအင်ကို ဖြည့်ဆည်းရန် ကျွန်မ ယခု လုံးချင်း စာအုပ် ထုတ်လိုက် ပါပြီ။

ကျွန်မ၏ အနည်းငယ်မျှသော ကြိုးပမ်းမှု၏ ရလဒ်အဖြစ် နယူးယောက်စီးတီး အာဏာပိုင်များက ထိုအရှုးထောင်ကို တစ်နှစ်လျှင် ဒေါ်လာတစ်သိန်း ပိုမိုထောက်ပံ့ရန် ခွင့်ပြုခဲ့ကြောင်း ကြားသိရပါသည် ။ ကျွန်မ၏ သေးငယ်သော စွမ်းဆောင်မှုကြောင့် လောကကြီးတွင် ကံမကောင်း အကြောင်းမလှစွာ ဖြစ်တည်နေကြရရှာသော ပုဂ္ဂိုလ်အပေါင်းတို့ အတွက် ပိုမိုသက်သာ အဆင်ပြေသွားမည်ကို မျှော်မှန်းကာ ပီတိဖြစ်ရပါကြောင်း။

နယ်လီဘလိုင်း

*****

# အခန်း (၁)
# အထိအရှမခံသော တာဝန်

စက်တင်ဘာလ ၂၂ ရက်နေ့တွင် ကျွန်မကို "ကမ္ဘာ့စာစောင်" မှ နေ၍ နယူးယောက်ရှိ စိတ်ရောဂါကုဆေးရုံ တစ်ခုခု သို့သွားကာ လူနာများကို ကုသစုံစမ်း ရေးသားပေးရန်အတွက် တာဝန်ယူနိုင်၊ မယူနိုင် မေး၏။ ကျွန်မကိုယ်ကျွန်မ စဉ်းစားကြည့်သည် ။ ကျွန်မမှာ လုပ်ရဲကိုင်ရဲသတ္တိ ရှိ၊မရှိ။ တာဝန်က တော်တော်ကြီး၏။ ထိုဆေးရုံမှ ဆရာဝန်တွေ၊ အုပ်ချုပ်သူတွေကို အသိမပေးဘဲ ကျွန်မက စိတ်ရောဂါဝေဒနာရှင်များ နှင့် အတူတူ အနီးကပ်နေထိုင်ကာ သတင်းထောက်လှမ်းရမည့် ကိစ္စ ဖြစ်၏။ စိန်ခေါ်မှုကို လက်ခံနိုင်သော ကျွန်မ၏ စိတ်ဓာတ်က တာဝန်ယူမည်ဟု ခေါင်းညိတ်မိ၏။ ကျွန်မက သရုပ်ဆောင်တစ်ဦးကဲ့သို့ သူတို့ ပုံစံအတိုင်း ပြောဆိုနေထိုင်ရမည် ဖြစ်သည် ။ ကျွန်မ ရွေးချယ်ရမည့် ဆေးရုံက "ဘလက်ဝဲလ်ကျွန်း"ရှိ စိတ်ရောဂါ ကုဆေးရုံ (နောက်ပိုင်းတွင် အရူးထောင်ဟု သာ ရေးပုံစံအတိုင်း သုံးပါမည်) ဖြစ်၏။ ထိုဆေးရုံတွင် ရက်သတ္တပတ် တစ်ပတ် သွားနေရမည်။ စွန့်စားနိုင်သော၊ သိလိုစိတ် ပြင်းပြသော ကျွန်မက နောင်ခါလာ နောင်ခါချေး၊ ဘာပဲ ဖြစ်ဖြစ်ဆိုကာ ဇွတ်မှိတ် တာဝန်ယူလိုက်၏။

ကျွန်မ ထိုနေရာသို့ မသွားမီ ကျွန်မကို ညွှန်ကြားချက်တွေ ပေး၏။ ကျွန်မတာဝန်ကို မည်သူမျှ မသိစေဘဲ လျှို့ဝှက်စွာ လုပ်ဆောင်ရမည် ဆိုသော အချက်က အဓိကအချက် ဖြစ်၏။ စိတ်ရောဂါကုဆေးရုံ နံရံထဲ ရောက်သွားပြီးနောက် ကျွန်မသည် ပြင်ပလောကနှင့် လုံးဝ အဆက်အသွယ် ဖြတ်ရမည် ဖြစ်၏။ အထဲမှာ ကျွန်မစိတ်ကြိုက် ကိုယ့်ဘာသာ

ကိုယ် လုပ်ချင်တာလုပ် ခွင့်ရှိ၏။ အတွင်းမှာ ကိုယ်ဖြစ်သမျှဒဏ် ကိုယ်သာခံ၊ မည်သူ့ထံမှ အကူအညီ မတောင်းရန်၊ မိမိကိုယ်တိုင် စိတ်ရောဂါဝေဒနာရှင်များ နှင့် အတူနေ၊ အတူစား၊ အတူသွားလာကာ စုံစမ်းစရာရှိတာတွေကို ပါးပါးနပ်နပ် စုံစမ်းရမည် ဖြစ်၏။

ကျွန်မ ကြားသိထားရသည် ကား ဦးထုပ်ဖြူ ဆောင်းထားသော သူနာပြုများ သည် သံတိုင်များ ၊ သော့ခလောက်များ ကဲ့သို့ပင် သူတို့ ၏ အတွင်း ဇာတ်လမ်းများကို အပြင်သို့ မပေါက်ကြားစေရန် အစွမ်းကုန် တားဆီးထားသည် ဆိုခြင်းပင် ဖြစ်၏။

"ကျုပ်တို့ က ခင်ဗျားကို အဲဒီထဲ လွှတ်တာက ပုဂ္ဂလိက ခံစားချက်တွေအတွက် မဟုတ်ဘူး ၊ ဒီဆေးရုံရဲ့ ကောင်းကွက်ရော၊ ဆိုးချက်တွေကိုပါ တွေ့သမျှ ရေးချဖို့ ပဲ၊ ချီးကျူးစရာရှိတာ ချီးကျူး၊ အပြစ်ပုံချစရာရှိလည်း ပုံချပေ့ါဗျာ။ အရေးကြီးတာက အမှန်တရားကို သေသေချာချာ သိဖို့ ပဲ။ ကျုပ် စိုးရိမ်နေတာက ခင်ဗျားမှာ အရိုးစွဲနေတဲ့ အပြုံးတွေပဲ၊ အဲဒါတော့ ပြင်ဗျာ"ဟု အယ်ဒီတာက ညွှန်ကြား၏။

"ခုချိန်ကစပြီး ကျွန်မ မပြုံးတော့ပါဘူးရှင်"ဟု ကျွန်မလည်း ချက်ချင်းပင် သူ့ကို ကတိပေးလိုက်သည် ။

ကျွန်မ ပြင်ပတွင် တွေ့ကြုံခဲ့သော အတွေ့အကြုံတွေ၊ အသိပညာတွေ တော့ ဤစိတ်ရောဂါကုဆေးရုံထဲတွင် လူနာယောင်ဆောင်နေရသည့် ကာလ အတွင်း သုံး၍ မရနိုင်ဟု ကား သဘောပေါက်၏။ သို့သော် ကျွန်မ အနေဖြင့် စိတ်ရောဂါကုဆေးရုံထဲမှ လူနာများ ၏ ဘဝကိုတော့ စူးစမ်းသိရှိလိုသည် က တော့ အမှန်။ ထာဝရဘုရားသခင်က ဖန်ဆင်းပေးခဲ့သော လူအချင်းချင်း တူပါလျက် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းနေရှာ သူတို့ အဖြစ်က တကယ်ပင် သနား စရာကောင်းလှ၏။ စိတ်ရောဂါဆေး

ရုံနောက်ခံ စိတ်ဝေဒနာရှင်များကို ဇာတ်ဆောင်ထား ရေးသားခဲ့သော ဝတ္ထုတော်တော် များများကို ကျွန်မ ဖတ်ဖူးသည် ။ သို့သော် အများအားဖြင့်မူ ပုံကြီးချဲ့ ရေးထားတာများ ၏။ တစ်နည်းပြောရလျှင် စိတ်ကူးယဉ်တာက များ နေ၏။ တကယ်တော့ သူတို့ လည်း စိတ်ကူးနှင့် မှန်းရေးကြရတာပဲကိုး။ သူတို့ ကိုယ်တိုင် စိတ်ရောဂါရှင်လည်း မဟုတ်ကြ။ စိတ်ရောဂါရှင်တွေနှင့် အတူလည်း အတူတူ နေဖူးကြတာမှ မဟုတ်တာ။ စိတ်ရောဂါရှင်များ သည် လည်း အကြောင်းကြောင်းကြောင့် သာ စိတ်ဝေဒနာ ရှင်များ ဖြစ်နေကြသော်လည်း သူတို့ အားလုံးကား ထောင်ကဲ့သို့သော ဆေးရုံ သံတိုင်များ နောက်တွင် မနေလိုကြ။ သူတို့ တွင် လည်း လွတ်လပ်လိုစိတ် ရှိကြ၏။ သူတို့ ကို လွှတ်ပေးရန် အချို့က ငိုယိုကြ၊ အချို့က ဒူးထောက် ရှိခိုးဦးတင် တောင်းပန်ကြ။ ထိုအချိန်တွင် တာဝန်ရှိသူတို့ ဘက်ကတော့ မည်သို့သော ခံစားမှုများ ရှိမလဲ။ သူတို့ လည်း လူသားတွေပင်ဖြစ်၍ ညှာတာ သနားတတ်သော နှလုံးသားတော့ ရှိကြမှာသေချာ၏။ သို့သော် တာဝန်အရ တားဆီးရမည်။ ခက်ထန်သောစိတ်ကို တမင်မွေးမြူကာ စည်းကမ်းအတိုင်း ကျင့်ကြံ လုပ်ဆောင်ကြမည်။ ဤသို့သော စိတ်ခံစားမှုမျိုးကိုလည်း ကျွန်မ လေ့လာလို၏။

"ကျွန်မ အထဲကိုဝင်သွားတာတော့ ဟုတ်ပါပြီ၊ ကျွန်မကို ပြန်ထုတ်တော့ကော ဘယ်လိုထုတ်မှာ လဲ"

ကျွန်မက အယ်ဒီတာကို မေးကြည့်၏။

"ဒါတော့ ကျုပ်လည်း မသိဘူး၊ ဒါပေမဲ့ ကျုပ်တို့ က တာဝန်ရှိသူတွေကို ပြောပြရမှာ ပေါ့၊ ခင်ဗျား တကယ်ပဲ စိတ်ရောဂါရှင် မဟုတ်တဲ့ အကြောင်း၊ ဘာရည်ရွယ်ချက်နဲ့ အထဲကိုဝင်နေတဲ့ အကြောင်းတွေ သေသေချာချာ ရှင်းပြ ပြီး ပြန်ထုတ်မယ်လေ"

ကျွန်မက ဆက်မမေးချင်တော့ပါ။ လောလောဆယ် ကျွန်မစိတ်နှင့် ကျွန်မပဲ အထဲကို ဝင်လိုက်မည်။ နောက်မှ ကြည့်ရှင်းဆိုသော ပုံစံမျိုးသာ ရင်မှာ ပိုက်ထားလိုက်၏။

အထဲတွင် လိုအပ်မည့် အရာမှန်သမျှ ကျွန်မဘာသာကျွန်မ စီစဉ်ရ၏။ ကျွန်မ၏ နာမည်ရင်းထက် ကျွန်မ၏ ကလောင်အမည်ဖြစ်သော နယ်လီ ဘရောင်းကိုသာ သုံးရန် ဆုံးဖြတ်လိုက်၏။ စာရေးဆရာတစ်ယောက်က ဝင်ပြီး စုံစမ်းတာဆိုလျှင် ပိုသဘာဝကျမည် မဟုတ်ပါလား။ ဒါမှ ပြန်ထွက်ရလည်း အကြောင်းပြခိုင်လုံနိုင်မည်။ တစ်ခုခက်တာက ဘယ်လိုပုံစံနှင့် အထဲကိုဝင်ရမလဲ။ အိမ်မှာ ပဲသောင်းကျန်းနေလို့ ဆေးရုံကိုဖမ်းပို့တာမျိုး လုပ်ရမလား။ သို့တည်းမဟုတ် စိတ်ရောဂါကု ဆရာဝန်ကြီးနှစ်ယောက်လောက်၏ ထောက်ခံ စာနှင့် ပဲ ဝင်ရမလား။

သို့သော် အိမ်မှာ သောင်းကျန်းရအောင်လည်း မိသားစုများကို စိတ်ဒုက္ခမပေးချင်။ ရိုးရိုးသားသား ဆရာဝန်ကြီးတွေကိုလည်း ကျွန်မ မရူးဘဲ ရူးသည် ဟု ထောက်ခံစာ အလိမ်အတု မတောင်းချင်။ ယခု ကျွန်မ ရွေးချယ် ထားသည့် ဆေးရုံမှာ အလက်ဝဲလ်ကျွန်းရှိ ဆေးရုံ ဖြစ်၏။ ထိုဆေးရုံတွင် ဆယ်နေ့ဆယ်ည နေမည်။ မိသားစုမရှိသော ဆွေမဲ့မျိုးမဲ့ အရူးမလေးတစ်ဦး အသွင်ဖြင့် နေမည်။ ထိုအချိန်အတောအတွင်း ကျွန်မက ဆေးရုံ၏ ဆက်ဆံမှု၊ ကုသမှု၊ စိတ်ရောဂါရှင်များ ၏ လိုအပ်ချက်တွေကို တတ်နိုင်သမျှ စုံစမ်းမှတ်သားမည်။ အပြင်ပြန်ရောက်လျှင် အစီရင်ခံစာ ရေးမည်။ ထိုအစီရင်ခံစာကို ဖတ်ပြီး သက်ဆိုင်ရာပုဂ္ဂိုလ်များက လိုအပ်တာတွေ သိရှိပြုပြင်နိုင်မည်ဆိုလျှင် စိတ်ရောဂါဝေဒနာရှင်များ အတွက် ကျွန်မ လုပ်သင့်လုပ်ထိုက်သော ကုသိုလ် လုပ်ပြီးဖြစ်မည်ဟု ကျွန်မ ယုံကြည်၏။

ဤ၍နေရာတွင် တစ်ခုတော့ ပြောစရာရှိပါသေးသည် ။

ကျွန်မ စိတ်ရောဂါကုဆေးရုံထဲသို့ ဝင်သွားရာတွင် စိတ်မနှံ့သူ အရူး တစ်ယောက်အနေဖြင့် ဟန်ဆောင်တုပ လုပ်ကိုင်ပြီး ဝင်မသွားပါ။ ကျွန်မ ၏ နေ့စဉ်ဘဝမှာ ပင် ပြောဆိုပြုမူသကဲ့သို့ ပုံစံမျိုးဖြင့်သာ ဝင်ပါမည်။ အဘယ့် ကြောင့် ဆိုသော် ကျွန်မ၏ ပြုမူပြောဆိုပုံများ သည် ကျွန်မစိတ်ကို ကောင်းစွာ နားလည်သော စိတ်ရောဂါကု ပါရဂူကြီးမှ လွဲ၍ မည်သူမှ ပုံမှန်လူဟု မထင်ကြ သောကြောင့် ဖြစ်ပါသည် ။

*****

# အခန်း (၂)
# လိုအပ်သည့် များကို ပြင်ဆင်ခြင်း

ကျွန်မအတွက် လိုအပ်သည့် ညွှန်ကြားချက်များကို နားထောင်ပြီး နောက် ကျွန်မ၏ အဆောင်သို့ ပြန်မည်။ ညနေရောက်လာတော့ ကျွန်မ နက်ဖြန်လုပ်ရမည့် အခန်းကဏ္ဍအတွက် လက်တွေ့လေ့ကျင့်ရသည် ။ လူအုပ် စုကြားထဲတွင် ကျွန်မကို စိတ်မနှံ့သူဟု သူတို့ ယုံမှတ်စေရန် တကယ်တမ်းလုပ် ရတာ အတော်ခက်၏။ ကျွန်မအနေဖြင့် စိတ်မနှံ့သူ မည်သူတစ်ဦး တစ်ယောက်နှင့် မျှ နီးနီးကပ်ကပ် မနေဖူးပါ။ ထို့ကြောင့် သူတို့ ၏ ပြုမူ ပြောဆိုပုံတွေကို ကျွန်မ စိတ်ကူးကြည့်၍ ပင် မရပါ။ တုပလုပ်ကိုင်ဖို့ ကား ဝေလာဝေး။ စိတ်မနှံ့ခြင်း၏ သွင်ပြင်လက္ခဏာ၊ ဟန်အမူအရာ၊ ပြောပုံဆို ပေါက်တွေကို စိတ်ရောဂါကု ဆရာဝန်များ ၊ စိတ်ပညာရှင်များကဲ့သို့လည်း ကျွန်မ နားမလည်ပါ။ သူတို့ ကတော့ နည်းနည်းလေး အကဲခတ်လိုက်ရုံဖြင့် မည်သူက စိတ်ပုံမှန်မဖြစ်ဘူးဆိုတာ သိနိုင်၏။ သူတို့ ရှေ့တွင် ကျွန်မကိုယ် ကျွန်မ ရူးနေသူဟု သူတို့ ယုံကြည်လာအောင် မည်သို့ပြုရမည်မှန်းလည်း ကျွန်မ မသိ။ ယခု ပြန်စဉ်းစားကြည့် လေလေ "ကမ္ဘာ့စာစောင်"မှ အယ်ဒီတာ များကို ကျွန်မ လွယ်လွယ်လေး ကတိပေးလိုက်တာ မှားလေလေဟု သဘော ပေါက်လာ၏။ ကျွန်မကိုယ် ကျွန်မ ရူးအောင် ဘယ်လိုလုပ်ရမလဲ။ မှန်ထဲတွင် ကျွန်မမျက်နှာကို သေသေချာချာ ပြန်စစ်ဆေးကြည့်၏။ စိတ်မူမမှန်သူများ ၏ မျက်လုံးကိုကြ

ည့်လျှင် လူသာမန်များ နှင့် မတူ။ မျက်လုံးသူငယ်အိမ်က လည် နေတတ်သည် ။ ကြောင်နေတတ်သည် ။ ကျွန်မမျက်လုံးတွေက ထိုသို့မဟုတ်။ အကောင်းပကတိ။ မျက်လုံးကို အတင်းဖြဲပြီး ပြူးကြည့်၏။ ဖြဲကြည့်၏။ ကြောက်စရာရုပ်တော့ ပေါက်လာ၏။ ရူးတဲ့ ရုပ်ကား မပေါက်။ သို့သော် ကျွန်မက လူတစ်မျိုး၊ ခက်တာကို ပိုလုပ်ချင်၏။ စိတ်ရောဂါကုဆေးရုံတွင် စိတ်ရောဂါရှင်တွေနှင့် အတူနေပြီး သူတို့ ကို အနီးကပ် လေ့လာချင်သည် ။ ထို့ကြောင့် ကျွန်မ ရူးချင်ယောင် မဖြစ်မနေ ဆောင်ရမည်။ သော့အထပ်ထပ် ခတ်ထားသော အလှောင်တိုက်အတွင်းဝယ် စိတ်မနှံ့သူများနှင့် ဆယ်ရက် လောက် အတူနေရမည့် အရေးကို ကျွန်မ ရင်ခုန်နေ၏။

ရာသီဥတုက သိပ်မအေးလှ၊ ပုံမှန်ပါပဲ။ သို့သော် ကျွန်မတစ်ကိုယ်လုံး ချွေးစေးတွေပျံနေ၏။ ကျွန်မက မှန်ရှေ့တွင် ပုံစံမျိုးစုံ လုပ်ကြည့်၏။ ရူးတဲ့ ပုံမပေါက်လေလေ ချွေးပြန်လေလေ။ ဒီလိုနှင့် ဝမ်းဗိုက်က ဆာလာ၏။ အချိန်ကြည့်လိုက်တော့ အရုဏ်ပင် တက်တော့မည်။ ကျွန်မ ရေချိုး၏။ စိမ်ပြေနပြေရေချိုးရင်း ရူးဟန် ဘယ်လိုဆောင်ရမည်ကို မနားတမ်း တွေး၏။ သွားပွတ်တံ လက်မှ ကိုင်၏။ ပါးစပ်ဟသည် ။ ထို့နောက် သွားပွတ်တံကိုပြန်ချ။ မျက်နှာကို တစ်ခါသစ်ပြီးပေမဲ့ အခါခါ ပြန်သစ်၏။ ထို့နောက် သွားမတိုက်၊ ဆပ်ပြာမတိုက်ဘဲ ရေချိုးခန်းထဲမှ ထွက်လာ၏။ ကျွန်မ သေသေချာချာ ကြို တင် ရွေးထားသော အဝတ်ဟောင်းကိုဝတ်၏။ မနက်စာကို ကမန်းကတန်း ဖြစ်သလို စားလိုက်၏။ ပြီးတော့ မှန်ရှေ့သွားရပ်သည် ။ ကိုယ်လုံးပေါ်မှန်ရှေ့ တွင် တစ်ကိုယ်လုံးကို စေ့စေ့ငုငု ပြန်ကြည့်၏။ ဘာပဲဖြစ်ဖြစ် ကျွန်မ တာဝန်ယူ ထားသောအလုပ်ကို ယနေ့ လုပ်ကိုလုပ်ရတော့မည်။ ကိုယ့်ဘာသာကိုယ်ကား အရူးပုံလုံးဝမပေါက်သည် ကို ကောင်းကောင်း သိသည် ။ ကိုယ်မရူးမှန်းသေချာပေါက်သိနေခြင်းကပင် မရူးတာ သေချာနေ၏။

"ငါ ဘာဖြစ်လို့ လုပ်ချင်တာ မဖြစ်ရမှာ လဲ"

ကိုယ့်ဘာသာကိုယ် အားတင်းသည့် အနေနှင့် ပါးစပ်မှ ရွတ်ဆိုလိုက်၏။ ထို့နောက် အေးဆေးတည်ငြိမ်စွာ အိမ်မှ ထွက်လာသည် ။

ပထမဆုံး ကျွန်မနေသောအဆောင်မှ အဆောင်မှူးထံ အရင်သွား ရန် စိတ်ကူးသည် ။ ပြီးလျှင် ကျွန်မ ဆယ်ရက်ကျော်လောက် အလုပ်ကိစ္စ တစ်ခုအတွက် ခရီးသွားရမည်ဖြစ်ကြောင်း သူ့ကို ခွင့်တိုင်မည်။ နောက်မှ စိတ်ပြောင်းသွားကာ ဤကိစ္စ မလုပ်ဖြစ်တော့။ လမ်းညွှန်စာအုပ်ထဲမှ "အမျိုးသမီးများ ယာယီအဆောင်"စာရင်းကို ကြည့်၏။ အမှတ် ၈၄၊ ဒုတိယ ရိပ်သာက အဆောင်ကို သဘောကျ၏။ ထိုအဆောင်တွင် ခေတ္တနားနေရင်း "အလက်ဝဲလ်ကျွန်း" စိတ်ရောဂါကု ဆေးရုံသို့သွားရန် စီစဉ်မည်ဟု ဆုံးဖြတ် လိုက်၏။

*****